
# ဒုတိယအကြိမ်“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်ကို ဧပြီလတွင် ကျင်းပ




ကမ္ဘာတစ်ခွင်သည် တရုတ်နိုင်ငံ ပြည်လုံးကျွတ်ဆိုင်ရာ ကိုယ်စားလှယ်ညီလာခံ နှစ်ရပ်ကို အထူးဂရုပြုနေလျက်ရှိသည်။ ၎င်းအတွင်း ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ဆောက်လုပ်ရေး၏ သွေးခုန်နှုန်းကိုလည်း သိရှိခဲ့ကြပါသည်။ ဧပြီလကုန်ပိုင်းတွင် ဒုတိယအကြိမ်’ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်ကို ပေကျင်းတွင် ကျင်းပသည်။ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် ထိပ်သီးဖိုရမ်ဖွင့်ပွဲသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားကာ ထိပ်သီးခေါင်းဆောင် စားပွဲဝိုင်းပွဲကို ဦးဆောင်ကျင်းပသည်။ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ကို အတူဆောက်လုပ်ပြီး ကောင်းမွန်သာယာသော အနာဂတ်ကိုတည်ထောင်’ ခေါင်းစဉ်ဖြင့် နိုင်ငံပေါင်း ၁၀၀ ကျော်မှ နယ်ပယ်အသီးသီး ကိုယ်စားလှယ်များက အကြံများကိုဖလှယ်ကာ ပူးပေါင်းဆောင်ရွက်မှုကို အတူညှိနှိုင်းကြသည်။ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ပူးပေါင်းဆောင်ရွက်ရေး အရည်သွေးမြင့်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်မြောက်စေသည်။

တရုတ်နိုင်ငံ ယခုနှစ်တွင် အရေးပါဆုံးသော ဤနိုင်ငံခြားဆက်ဆံရေးပွဲကို အဖက်ဖက်မှ အထူးစောင့်မျှော်နေကြပါသည်။ ၂၀၁၇ ခုနှစ် မေလမှ ပထမအကြိမ် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးထိပ်သီးဖိုရမ် ကျင်းပစဉ်ကတည်းက အဆိုပါနည်းစနစ်ကို အဖက်ဖက်က လက်ခံအတည်ပြုခဲ့ကြသည်။ ယမန်နှစ် နိုဝင်ဘာလတွင် သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံမှ ယခုနှစ် ဧပြီလတွင် ဒုတိယအကြိမ် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်ကို ကျင်းပမည်ဟု ကြေညာခဲ့ပါသည်။ ပါဝင်တက်ရောက်ရန် ကြိုတင်စာရင်းပေးသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရခေါင်းဆောင်များသည် ပထမအကြိမ် ဖိုရမ်ထက် သိသာစွာ များလာပါသည်။ ဒုတိယအကြိမ် ဖိုရမ်သည် ပိုမိုမြင့်မားသောစံနှုန်း၊ ပိုမိုကြီးမားသော အချိုးအစား၊ ပိုမိုပြည့်ဝသော အစီအစဉ်ဖြင့် အဖက်ဖက်မှ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ပူးပေါင်းဆောင်ရွက်ရေးအပေါ် ယုံကြည်ချက်နှင့် အားပေးချက်များကို ပြည့်ဝစွာ ဖော်ပြပေးမည်ဖြစ်သည်။ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ဆောက်လုပ်ရေး၏ ပိုမိုထွန်းလင်းတောက်ပသော အနာဂတ်ကိုလည်း ပြသနေပါတော့သည်။

ယုံကြည်မှုနှင့် အားပေးမှုများသည် သဘောတူအတည်ပြုမှုပေါ် မူတည်သည်။ အတူဆောက်လုပ်ခြင်း၊ အတူညှိနှိုင်းခြင်း၊ အတူမျှဝေခြင်းဟူသော မူဝါဒဖြင့် ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖွင့်လှစ်စွာ အားလုံးပါဝင်ခြင်း၊ အပြန်အလှန် အတူယူခြင်း၊ အကျိုးတူ အောင်မြင်ခြင်းဖြစ်သော ပိုးလမ်းမအတွေးအခေါ်ကို ဆက်ခံခြင်းဖြစ်သည်။ ဈေးကွက်မူဝါဒနှင့် နိုင်ငံတကာ သွားလာရေး နည်းဥပဒေကို လိုက်နာမည်။ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ဆောက်လုပ်ရေးသည် ဖွင့်လှစ်သော၊ များပြားသော၊ အတူအောင်မြင်သော အရည်အသွေးဖြင့် ကမ္ဘာက အသိအမှတ်ပြုနေကြသည်။ နိုင်ငံ ၁၂၃ နိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၂၉ ခုတို့သည် တရုတ်နိုင်ငံနှင့်အတူ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ပူးပေါင်းဆောင်ရွက်ရေး စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးပြီဖြစ်သည်။ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ မိတ်ဆွေအသိုင်းအဝိုင်းသည် တစ်ကမ္ဘာလုံးအနှံ့အပြားသို့ ပြန့်နှံ့နေသည်။ တရုတ်နှင့် ပါကစ္စတန်သည် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီအဖွဲ့ တည်ထောင်ပြီဖြစ်သည်။ မြန်မာနိုင်ငံမှ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အကောင်အထည်ဖော် ညွှန်ကြားရေးကော်မတီအဖွဲ့ကို တည်ထောင်ပြီဖြစ်သည်။ ဆွစ်ဇာလန်အစိုးရသည် နိုင်ငံခြားဆက်ဆံရေးဌာနတွင် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’မေးမြန်းညှိနှိုင်းရုံးခန်းကို တည်ထောင်ထားသည်။ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ကို နိုင်ငံအများက အထူးအလေးထားနေလျက်ရှိသည်။ Citi Bank, HSBC, Standard Chartered Bank, Siemens, General Electric, Japan Express စသည့် နိုင်ငံရပ်ခြားကုမ္ပဏီများသည် ပုံစံမျိုးစုံဖြင့် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’နှင့် ပူးပေါင်းဆောင်ရွက်နေလျက်ရှိသည်။ နိုင်ငံတကာ ပုဂ္ဂိုလ်များက ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ မဟာဗျူဟာသည် စစ်မှန်သော ပါဝင်မှုဖြစ်သည့် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း ဖြစ်နေပါကြောင်း၊ အများပြည်သူ ကြိုက်နှစ်သက်သော အများပြည်သူပိုင် ကုန်ပစ္စည်းဖြစ်လာနေပါကြောင်း စသည်ဖြင့် ယူဆနေကြသည်။

‘၂၀၁၉ ခုနှစ် မတ် ၈ ရက်နေ့ တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီပါတီကော်မတီအဖွဲ့ဝင် နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာန ဝန်ကြီးဝမ်ရိက ကိုယ်စားလှယ်ညီလာခံ နှစ်ရပ်ပေါ်တွင် ဒုတိယအကြိမ် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်ကို ဧပြီလကုန်ပိုင်း ပေကျင်းတွင်ကျင်းပမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုအချိန်တွင် တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်က ထိပ်သီးဖိုရမ်ဖွင့်ပွဲသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားကာ ထိပ်သီးခေါင်းဆောင် စားပွဲဝိုင်းပွဲကို ဦးဆောင်ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် အဆင့်မြင့်အစည်းအဝေး၊ ဖိုရမ်ခွဲနှင့် ကော်မာရှယ်လုပ်ရှားမှု စသည့် အဆက်တွဲအစီအစဉ်များကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအကြိမ်ဖိုရမ်တွင် ထင်ရှားချက်သုံးချက်ရှိကြောင်း ဝမ်ရိက တင်ပြသည်။ ပထမအချက်သည် စံနှုန်းပိုမြင့်သည်။ တက်ရောက်မည်ဟု ကြိုတင်စာရင်းပေးသည့် နိုင်ငံခေါင်းဆောင်များနှင့် အစိုးရခေါင်းဆောင် လူဦးရေသည် ပထမအကြိမ်ဖိုရမ်ထက် များမည်။ ဒုတိယအချက်သည် အချိုးအစား ပိုကြီးမားသည်။ ထိုအချိန်တွင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ လူပေါင်းထောင်ချီရှိသော နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်မည်။ တတိယအချက်သည် လှုပ်ရှားမှုအစီအစဉ် ပိုမိုပြည့်ဝသည်။ အကောင်အထည်ဖော် တွန်းတင်လုပ်ဆောင် ပူးပေါင်းဆောင်ရွက်သည့် ဖိုရမ်ခွဲ ၁၂ ခုကို ကျင်းပမည်ဖြစ်ပြီး ပထမဆုံး လုပ်ငန်းရှင်အစည်းအဝေးကိုလည်း ကျင်းပမည်ဖြစ်သည်။ ကော်မာရှယ်လောကနှင့် ပူးပေါင်းဆောင်ရွက်သည့် စင်မြင့်ကို တည်ဆောက်မည်ဖြစ်သည်။

‘ယခုအကြိမ် ထိပ်သီးဖိုရမ်ခေါင်းစဉ်သည်’ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အတူဆောက်လုပ်ပြီး ကောင်းမွန်သာယာသောအနာဂတ်ကို တည်ဆောက်’ခြင်းဖြစ်သည်။ ဗဟိုအချက်အချာမှာ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ပူးပေါင်းဆောင်ရွက်ရေး အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်မြောက်စေရန်ဖြစ်သည်။ ကျွန်တော်တို့သည် အဖက်ဖက်မှ အကြံပေးချက်များ ထောက်ပံ့ရန်မျှော်လင့်ပါသည်။ သမ္မတရှီကျင့်ဖျင် ပြောဆိုသည့်အတိုင်း ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အဆိုပြုချက်သည် တရုတ်နိုင်ငံမှ စတင်ခဲ့သော်လည်း အောင်မြင်မှုရလဒ်မှာ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်နေပါသည်။ ကျွန်တော်တို့သည် ဒုတိယအကြိမ် ထိပ်သီးဖိုရမ်သည် အောင်မြင်စွာ ပြီးမြောက်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အတူဆောက်လုပ်သည့် လုပ်ငန်းစဉ်အတွင်း၏ မိုင်တိုင်တစ်ခုဖြစ်လာစေမည်ဖြစ်သည်။

လင့်ခ်ချိတ်ဆက်--

## ရုရှားနိုင်ငံပညာရှင်။ ။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” အဆိုပြုချက်သည် ကမ္ဘာ့စီးပွားရေးကို ပိုမိုမြင့်မားသောအဆင့်သို့ရောက်အောင် တွန်းတင်ဖွံ့ဖြိုးလျက်ရှိနေသည်

ရုရှားသမ္မတ လုပ်ငန်းရှင်အခွင့်အာဏာကာကွယ်ရေး ကိုယ်စားလှယ်၊ ရုရှားနာမည်ကျော် နိုင်ငံရေးသမား၊ စီးပွားရေးပညာရှင်ပေါလီစစ်ကျီထော်ဖူးသည် သတင်းထောက်မေးမြန်းချက်ကို ဖြေကြားရာတွင် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အဆိုပြုချက်က ကမ္ဘာ့စီးပွားရေးကို ပိုမိုမြင့်မားသော အဆင့်သို့ရောက်အောင် တွန်းတင်ဖွံ့ဖြိုးနေကြောင်း၊ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးရေးအတွေ့အကြုံကို လိုအပ်နေပြီး တရုတ်နိုင်ငံနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်လိုကြောင်း ပြောဆိုခဲ့သည်။

ဒုတိယအကြိမ် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်သည် ဧပြီလ ၂၆ ရက်မှ ၂၇ ရက်အထိ ပေကျင်းမြို့တွင် ကျင်းပခဲ့ပြီး ရုရှားသမ္မတ ပူတင်သည် အဓိကဧည့်သည်တော်အဖြစ် ဖိုရမ်သို့တက်ရောက်ခဲ့သည်။ ကျီထော်ဖူးက ပြောကြားသွားသည်မှာ ဖိုရမ်၏ ဖွင့်လှစ်ခြင်းသည် တစ်ကမ္ဘာလုံးမှ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အဆိုပြုချက်ရလဒ်ကို အတူမျှဝေခံစားရသည့် သက်သေပြချက်တစ်ခုပင်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အဆိုပြုချက်သည် လမ်းတစ်လျှောက် နိုင်ငံများ အခွင့်အလမ်းကို အတူခံစားခြင်း၊ အတူဖွံ့ဖြိုးတိုးတက်ခြင်းကို တွန်းတင်သည် သာမက စီးပွားရေးကုန်သွယ်မှုနယ်ပယ်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတကာလူမှုရေးပြဿနာအပေါ် စံနမူနာနှင့် ဦးဆောင်သည့် အကျိုးသက်ရောက်မှုဖြစ်လာခဲ့သည်။ ဥပမာ- နိုင်ငံတကာဒုက္ခသည် ပြဿနာကို ဖြေရှင်းခြင်း။ ‘နိုင်ငံတကာဒုက္ခသည်များ ဥရောပတိုက်အတွင်းသို့ များစွာဝင်ရောက်ရခြင်းအကြောင်းရင်းမှာ သူတို့သည် မိမိဒေသတွင် လူနေမှုအဆင့်အတန်း အလွန်နိမ့်ကျသောကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံသည် အဆိုပါဒေသများ၏ စီးပွားရေးကို မြှင့်တင်ပေးနေပါသည်။ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အဆိုပြုချက် လွှမ်းမိုးသည့်ဧရိယာမှာ အလွန်ကျယ်ပြန့်ပါသည်။ ဥပမာ- တရုတ်နိုင်ငံနှင့် ကင်ညာနိုင်ငံသည် ဆိပ်ကမ်းအတူဆောက်လုပ်ပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ တည်ထောင်ပေးခဲ့သည်။ ယင်းသည် ကင်ညာမှ ဥရောပတိုက်သို့ သွားရောက်သည့် ဒုက္ခသည်ဦးရေ နည်းပါးစေမည်ဖြစ်သည်။ နိုင်ငံတကာဒုက္ခသည် ပြဿနာကို ဖြေရှင်းရန် ဦးဆုံးအရေးပါသည့်အချက်မှာ ဒုက္ခသည်များ မူရင်းနေရာ၏ လူနေမှုနှင့် အလုပ်အကိုင်ပြဿနာကို ဖြေရှင်းပေးရမည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပထမဆုံး ဤကဲ့သို့သော လှုပ်ရှားမှုပြုလုပ်သည့် နိုင်ငံဖြစ်သည်”ဟု ကျီထော်ဖူးက ပြောသည်။ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံမှ ပြုပြင်ပြောင်းလဲ တံခါးဖွင့်လှစ်သည့် နှစ် ၄၀ အတွင်းမှ ရရှိလာသော အတွေ့အကြုံများကို လေ့လာမည်ဖြစ်ပြီး အနာဂတ်တွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးနယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်မှုအသီးသီးကို တက်ကြွစွာလုပ်ဆောင်မည် ဖြစ်သည်။ **အထွေထွေသတင်း**

# ယူနန် ။ ။ ဒီဂျစ်တယ်စီးပွားရေးပင်လယ်ပြာကို အရှိန်အဟုန်တိုးမြှင့်

**အယ်ဒီတာအညွှန်း–** ၂၀၁၉ ခုနှစ် ယူနန်ပြည်နယ်၏ 'အစိုးရအလုပ်အစီရင်ခံစာ'အတွင်းတွင် တစ်နှစ်ပတ်လုံး အလေးထားလုပ်ဆောင်ရမည့် အလုပ်(၁၀)ရပ်အတွင်းမှာ 'ဒီဂျစ်တယ်ယူနန်' ဆောက်လုပ်ရေးကို အထူးရေးသားထားသည့် စာပုဒ်ရှိပါသည်။ တက်ကြွခြင်း၊ စနစ်ကျခြင်း၊ တည်ငြိမ်ခြင်းများစွာဖြင့် 'ဒီဂျစ်တယ်ယူနန်' ဆောက်လုပ်ရေးကို တွန်းတင်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ 'ရောင်စုံယူနန် တိမ်ပေါ်ဝန်ဆောင်မှု'ပြတင်းပေါက်အသစ်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ 'တိမ်ပေါ်တိမ်' လှုပ်ရှားမှု စီမံကိန်းကို အကောင်အထည်ဖော်လုပ်ဆောင်ရမည်ဖြစ်ကြောင်း စသည်များဖြင့် တင်ပြထားပါသည်။

အာလီပါးပါးအုပ်စုမှ ထုတ်ပြန်သည့် '၂၀၁၈ ခုနှစ် တရုတ်နိုင်ငံ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ'တွင် ၂၀၁၈ ခုနှစ် ယူနန်ဒီဂျစ်တယ်စီးပွားရေး အရောင်းအဝယ် စုစုပေါင်းပမာဏ အရှိန်မြှင့်တင်နှုန်းသည် တရုတ်နိုင်ငံမှာ ဒုတိယနေရာရပ်တည်ရှိနေကြောင်း တူညီချိန်နှင့် နှိုင်းယှဉ်နှုန်း ၄၉ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရသည်။ ယခုအချိန်တွင် တရုတ်ပြည်တွင်းမှ ပြည်နယ်အများစုသည် ဒီဂျစ်တယ်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်ရေး၏ အလေးပါချက်အတွင်းသို့ ထည့်သွင်းထားသည်။ ယူနန်ပြည်နယ်လည်း ဒီဂျစ်တယ်စီးပွားရေးကို အလေးထားနေပါသည်။

ယခုနှစ် ဖေဖော်ဝါရီလ ယူနန်ပြည်နယ်အစိုးရသည် 'ဒီဂျစ်တယ်ယူနန်တည်ဆောက်ရေး' ခေါင်းဆောင်အဖွဲ့ကို တည်ထောင်ခဲ့သည်။ ထိုနှင့်အတူ ယူနန်သည် ဘဏ္ဍာရေးအခွန်၊ ငွေကြေးစီးပွားရေး၊ ထက်မြက်ထူးချွန်သူ၊ မြေနေရာ စသည့်အပိုင်းကဏ္ဍများ၏ အဆက်တွဲ လုပ်ဆောင်ချက်များကို အလေးထား လေ့လာနေပါသည်။

မတ် ၂၀ ရက်တွင် ကျင်းပသည့် ၂၀၁၉ 'ဒီဂျစ်တယ်စီးပွားရေးနှင့် ယူနန်ဆန်းသစ်မှု တိုးတက်မှုအသစ်' အဆင့်မြင့်ဖိုရမ်နှင့် ယူနန်ဒီဂျစ်တယ်စီးပွားရေးသုတေသနအကယ်ဒမီတည်ထောင်သည့် အခမ်းအနားပေါ်တွင် ယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ယွမ်ချိန်ဖားက ဒီဂျစ်တယ်စီးပွားရေးမှာ အနာဂတ် ၁၀ နှစ်မှ ၂၀ နှစ်သာမကပိုကြာသည့်အချိန်ကာလအထိ ယူနန်စီးပွားလူမှုရေးဖွံ့ဖြိုးတိုးတက်ရန် အလေးပါသည့် အချက်ဖြစ်ကြောင်း ပြောကြားသွားပါသည်။




ယူနန်သည် 'ပုံစံသုံးရပ်၊ အချက်အချာတစ်ခု'အရင်းအမြစ် ဒီဂျစ်တယ်ပုံစံ၊ ဒီဂျစ်တယ်လုပ်ငန်းပုံစံ၊ လုပ်ငန်းဒီဂျစ်တယ်ပုံစံနှင့် တောင်အာရှ၊ အရှေ့တောင်အာရှမျက်နှာပြု ဖြာထွက်မှုစင်တာ ဒီဂျစ်တယ်အချက်အချာဖြင့် ဒီဂျစ်တယ်စီးပွားရေးအဆင့်ကို မြှင့်တင်မည်ဖြစ်ပါသည်။ ယူနန်တစ်ပြည်နယ်လုံး စီးပွားရေးအရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းတင်မည်။ 'ယူနန်မှ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့် အားသာချက်တစ်ခုသည် ပြင်ပသို့ဖွင့်လှစ်သည့် တည်နေရာတွင် တည်ရှိနေခြင်းဖြစ်သည်'ဟု ယူနန်တက္ကသိုလ် ပါမောက္ခ ကျန်းကော်ရှင်က ပြောကြားသွားပါသည်။ ယူနန်သည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် နီးကပ်လျက်ရှိသည်။ တောင်အာရှ၊ အရှေ့တောင်အာရှမျက်နှာပြုသည့် ဒီဂျစ်တယ်စီးပွားရေးစုဝေးဇုန်ကို မည်သို့တည်ထောင်ခြင်းသည် ယူနန်ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှ ကြုံတွေ့ရသည့် အကြီးဆုံးသော အခွင့်အလမ်းပင်ဖြစ်နေပါသည်။ **ယူနန်နေ့စဉ်သတင်းစာ**

# ယူနန်ဒီဂျစ်တယ်စီးပွားရေး အောင်သီးများရရှိ

ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့်အပိုင်းကဏ္ဍတွင် ယူနန်ပြည်နယ်သည် အကျိုးပေးလုပ်ဆောင်ချက် အဆက်တွဲကို လုပ်ဆောင်နေပြီး နယ်ပယ်အများတွင် ရလဒ်ကို တွေ့မြင်နေရပြီဖြစ်သည်။ 'ဖုန်းတစ်လုံးဖြင့် အလုပ်ပြီး'APPဖြင့် မှတ်ပုံတင်ပြန်လည်လုပ်ဆောင်ရန် လျှောက်ထားလိုက်တော့ တစ်ရက်တည်းပဲ စစ်ဆေးခွင့်ပြုလိုက်တယ်။ အရမ်းကို အဆင်ပြေပါတယ်'ဟု နီလက်မြို့သူ အမျိုးသမီးလီက ပြောကြားသွားပါသည်။

အများပြည်သူများ အစိုးရဝန်ဆောင်မှုများကို ပိုမိုလွယ်ကူလုပ်ဆောင်နိုင်ရန်




ယခုနှစ် ဇန်နဝါရီလတွင် ယူနန်စမတ်အစိုးရအလုပ် APP ဖြစ်သော 'ဖုန်းတစ်လုံးဖြင့် အလုပ်ပြီး'ကို တရားဝင် အွန်လိုင်းတင်ခဲ့သည်။ မတ်လကုန်အထိ လိုင်းပေါ်အလုပ်စုစုပေါင်း ၃၀၇ ရပ် ရှိပြီဖြစ်သည်။ မတ်လကုန်အထိ အသုံးပြုမှတ်ပုံတင်သူပေါင်း ၁၃ ဒသမ ၁ သိန်းရှိပြီး စုစုပေါင်းလုပ်ဆောင်သည့် အလုပ်မှာ ၃၁ ဒသမ ၈ သိန်းရှိပြီဖြစ်သည်။

မတ် ၃၁ ရက် နယ်ပယ်စုံ ခရီးသွားစမတ်စင်မြင့် 'ယူနန်သို့လည်ပတ်' APP သည် (၂၀)ကြိမ် ပြောင်းလဲအစားထိုးကုန် 2.9.0 Version ကို ထုတ်ပြန်ခဲ့သည်။ Version အသစ်သည် ခရီးသည်များ ရှုခင်းဇုန်လက်မှတ် ဝယ်ယူရာတွင်ရရှိသည့် QR Code ကို လှုပ်ရှားသည့် QR Code အဖြစ်သို့ ပြောင်းလဲလိုက်သည်။ စက္ကန့် ၆၀ တစ်ကြိမ် လဲလှယ်ရသည်။ ဤသို့ဖြင့် တရားမဝင်လုပ်သူများ 'ယူနန်သို့လည်ပတ်' APPဖြင့် လက်မှတ်ရောင်းချမှုကို တားမြစ်လိုက်ပါသည်။ ခရီးသွားပြည်သူအော်ဒါသတင်းအချက်အလက်ကို လုံခြုံမှုအာမခံချက် ပေးလိုက်သည်။ Code ဖတ်ပြီး ခြံဇုန်အတွင်းသို့ ဝင်ရောက်သည့်အဆင်ပြေမှုကိုလည်း လုပ်ဆောင်ပေးလိုက်သည်။ 'ယူနန်သို့လည်ပတ်' APP Version အသစ်အတွင်းတွင် အရေးပေါ်ကယ်ဆယ်ရေးအပိုင်း အသစ်ထပ်တိုးထားပြီး ပိုကောင်းသည့် ခရီးသွားလမ်းကြောင်းကို ထည့်သွင်းထားကာ အသုံးပြုသူများ သတ်မှတ်ထားသည့်နေရာသို့ လျင်မြန်စွာ သွားရောက်ပြီး လိုရာခရီးသွားလမ်းကြောင်းကို ဝယ်ယူနိုင်မည်ဖြစ်သည်။ ဧပြီလ ၁ ရက်နေ့အထိ 'ယူနန်သို့လည်ပတ်' APP အသုံးပြုလူဦးရေပေါင်း သိန်း ၂၀၊ Program အသေးနှင့် APP ဝန်ဆောင်မှုပေးလူဦးရေမှာ သန်း ၂၀ ကျော်လွန်သွားပြီဖြစ်သည်။

ထို့ပြင် ကူမင်း၊ ယွိရှီး၊ တာ့လီ၊ လီကျန်း စသည့် ပြည်နယ်ခွဲနှင့် မြို့များတွင် 5G စမ်းသုံးဗိုလ်ဆောက်လုပ်ရေး လုပ်ဆောင်နေသည်။ စိုက်ပျိုးကုန်လုံခြုံရေးစနစ်၊ ဇီဝပတ်ဝန်းကျင်စမတ်ကြီးကြပ်မှုစနစ်၊ လုံခြုံမြို့တော်ကြီးကြပ်စနစ် စသည်တို့လည်း လုပ်ဆောင်နေပါသည်။ အများပြည်သူ လူနေမှုအတွက် အောင်မြင်မှုရလဒ်ခံစားမှုနှင့် ဘဝသာယာမှုကို ထပ်တိုးပေးနိုင်ခဲ့ပါသည်။

# ဇန်နဝါရီမှ ဖေဖော်ဝါရီလအထိ ယူနန်သည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်" လမ်းတစ်လျှောက်နိုင်ငံများနှင့် ကုန်သွယ်ရေးပမာဏမှ ယွမ်ငွေ ၂၃ ဒသမ ၃၃ ဘီလီယံသို့ ရောက်ရှိ

ကူမင်းအကောက်ခွန်ဌာနမှရရှိသော သတင်းအရ ဇန်နဝါရီမှ ဖေဖော်ဝါရီလ ယူနန်ပြည်နယ် သွင်းကုန်ထုတ်ကုန်ပမာဏသည် ယွမ်ငွေ ၃၃ ဒသမ ၁၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၄ ဘီလီယံနှင့်တူညီ)ရောက်ရှိခဲ့သည်။ ယခင်နှစ်ကာလတူထက် ၂၂ရာခိုင်နှုန်း တိုးမြှင့်နိုင်ခဲ့သည်။ လွန်ခဲ့သော ဖေဖော်ဝါရီလတွင် ဇန်နဝါရီမှ ဖေဖော်ဝါရီလမှာ ယူနန်သည် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' လမ်းတစ်လျှောက်နိုင်ငံများနှင့် စီးပွားရေး ကုန်သွယ်ရေးပမာဏမှာ ယွမ်ငွေ ၂၃ ဒသမ ၃၃၀ ဘီလီယံသို့ ရောက်ရှိပြီး ၇ ဒသမ ၉ ရာခိုင်နှုန်းတိုးမြှင့်ခဲ့သည်။ ကာလတူ တစ်ပြည်နယ်လုံး ပြင်ပကုန်သွယ်ရေးပမာဏ၏ ၇၀ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ ယူနန်ပြည်နယ် သွင်းကုန်ထုတ်ကုန်ပမာဏသည် ယွမ်ငွေ ၃၃ ဒသမ ၁၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၄ ဘီလီယံနှင့် တူညီ)ရောက်ရှိခဲ့သည်။ ယခင်နှစ်ကာလတူထက် ၂၂ ရာခိုင်နှုန်း တိုးမြှင့်ကြောင်း အကောက်ခွန်စုဆောင်းသည့် စာရင်းဇယားမှ တွေ့ရသည်။ ၎င်းအတွင်း ထုတ်ကုန်ယွမ်ငွေ ၁၃ ဒသမ ၈၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁ ဘီလီယံ) ၄၉ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်နိုင်ခဲ့ပါသည်။ သွင်းကုန်သုံးယွမ်ငွေပေါင်း ၁၉ ဒသမ ၂၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂ ဘီလီယံ) ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့်နိုင်ခဲ့ပါသည်။ ကုန်သွယ်ရေးကွာဟမှုမှာ ယွမ်ငွေပေါင်း ၅ ဒသမ ၄၃၀ ဘီလီယံဖြစ်ပါသည်။ ကာလတူ တရုတ်နိုင်ငံပြင်ပသွင်းကုန်ထုတ်ကုန်မှာ ယွမ်ငွေ ၄ ဒသမ ၅၀၀ ဘီလီယံရှိပြီး ၀ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့်သည်။ ၎င်းအတွင်း ထုတ်ကုန်သည် ယွမ်ငွေ ၂၄၀၀ဘီလီယံ(၀ ဒသမ ၁ ရာခိုင်နှုန်း)တိုးမြှင့်လာသည်။ သွင်းကုန်မှာ ယွမ်ငွေ ၂၁၀၀ ဘီလီယံ (၁ ဒသမ ၅ ရာခိုင်နှုန်း)တိုးမြှင့်ခဲ့ပါသည်။

ကူမင်းအကောက်ခွန်ဌာနမှရရှိသော ကိန်းဂဏန်းအရ သိရသည်မှာ ယခင်နှစ်လတွင် ယူနန်သည် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' လမ်းတစ်လျှောက်နိုင်ငံများနှင့် ကုန်သွယ်ရေးပမာဏမှာ ယွမ်ငွေ ၂၃ ဒသမ ၃၃ ဘီလီယံရောက်ရှိကာ ၇ ဒသမ ၉ ရာခိုင်နှုန်း တိုးမြှင့်သည်။ ကာလတူ ယူနန်ပြင်ပ ကုန်သွယ်ရေးပမာဏ၏ ၇၀ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်။ ယူနန်နှင့် အာဆီယံ ကုန်သွယ်ရေးပမာဏမှာ ယွမ်ငွေ ၁၅ ဒသမ ၉၃ဘီလီယံရှိရာ ၁၃ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပါသည်။

**သတင်းထောက်– ရန်ကျီဟွေ**



သဘာဝထိန်းသိမ်းကာကွယ်ရေးဇုန်

# ဝူလျန်တောင်ကိုဖြတ်ပြီး လူနှင့်သဘာဝပုံပြင်အကြောင်း ဖော်ပြခြင်း

**အယ်ဒီတာအညွှန်း–** ဧပြီ ၉ ရက် ယူနန်နေ့စဉ်သတင်းစာအုပ်စုအဖွဲ့နှင့် ယူနန်ပြည်နယ်သစ်တောလုပ်ငန်းနှင့် မြက်ခင်းညွှန်ကြားရေးမှူးဌာနတို့မှ ပူးတွဲကျင်းပသည့် 'လှပယူနန် သဘာဝထိန်းသိမ်းကာကွယ်ရေးဇုန်ကို ကျော်ဖြတ်' ကျင်းတုံး ဝူလျန်တောင်အိုက်လောက်တောင်အတွင်းသို့ ဝင်ရောက်သည့် အကြီးစား မီဒီယာသတင်းယူအစီအစဉ်ကို ကျင်းတုံးရှိ တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်တွင် စတင်ခဲ့သည်။ ယခုအကြိမ် သတင်းယူခြင်းသည် ရှုထောင့်စုံမှ ဇီဝမာလ်တီပုံစံဖြင့် ဤနေရာကိုပြသခြင်းဖြစ်ပြီး စိမ်းစိုတောတောင်သည် ရွှေတောင်ငွေတောင်ဖြစ်ခြင်းဟူသည့် အတွေးအခေါ်အင်အားကို ပြသမည်ဖြစ်သည်။

ကျင်းတုံးခရိုင်သည် ယူနန်ပြည်နယ်အနောက်တောင်ပိုင်း ဖူးအော်မြို့တွင် တည်ရှိသည်။ တရုတ်နိုင်ငံ၏ နိုင်ငံတော်အဆင့်သဘာဝထိန်းသိမ်းကာကွယ်ရေးဇုန်နှစ်ခုတွင် တည်ရှိသော ရှားပါးသောခရိုင်ဖြစ်သည်။ ဖူးလျန်တောင် နိုင်ငံအဆင့် သဘာဝထိန်းသိမ်းကာကွယ်ရေးဇုန်နှင့် အိုက်လောက်တောင် နိုင်ငံအဆင့် သဘာဝထိန်းသိမ်းကာကွယ်ရေးဇုန်ဖြစ်သည်။ အဆိုပါသဘာဝထိန်းသိမ်းကာကွယ်ရေးဇုန်သည် ကျင်းတုံးခရိုင်အတွင်း၏ စုစုပေါင်း မျက်နှာပြင်ဧရိယာမှာ ၃၅၁၆၇ ဟက်တာ ( တရုတ်ဧက ၅ ဒသမ ၂ သောင်းခန့် )ရှိပြီး ခရိုင်တစ်ခုလုံး နိုင်ငံမျက်နှာပြင်၏ ၈ ရာခိုင်နှုန်းခန့်ရှိနေပါသည်။

ကျင်းတုံးခရိုင်သည် တရုတ်နိုင်ငံ ဇီဝအမျိုးအစား အစုံလင်ဆုံး၊ အထူးခြားဆုံးသော ဒေသတစ်ခုဖြစ်သည်။ ၂၀၁၅ ခုနှစ်မှာ ကျင်းတုံးသည် တရုတ်နိုင်ငံ ပထမဆုံး 'ဇီဝမျိုးစား များပြားပုံစံနှင့် ဂေဟစနစ်ဝန်ဆောင်မှု တန်ဖိုးသုံးသပ်မှု' (TEEB) နိုင်ငံတကာစီမံကိန်း စံပြခရိုင်ငါးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ တရုတ်နိုင်ငံမှ ပထမဆုံး အဆိုပါ စီမံကိန်းတံဆိပ် ပေးအပ်ခံရသည့် စံပြခရိုင်ဖြစ်သည်။ ၂၀၁၆ ခုနှစ် ကျင်းတုံးခရိုင်သည် ကုလသမဂ္ဂမှစီမံသည့် ဇီဝများပြားပုံစံ ထိန်းသိမ်းကာကွယ်ရေး စံပြအဖြစ် မှတ်တမ်းတင်ခြင်းခံခဲ့ရပါသည်။ 'ဇီဝမျိုးနွယ်များပြားပုံစံ ကတိပြုလွှာ' (၁၃)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ခေါ်ခြင်းခံရပြီး ဆင်နွှဲခဲ့သည်။ အစည်းအဝေးမှထုတ်ပြန်သည့် ကျင်းတုံးခရိုင် ဂေဟစနစ်ဝန်ဆောင်မှု တန်ဖိုးမှာ တစ်နှစ်လျှင် ယွမ်ငွေပေါင်း ၅၄ ဒသမ ၅၀၆ ဘီလီယံရှိသည်။

ကျင်းတုံးခရိုင်သည် တရုတ်တစ်နိုင်ငံလုံးမှ 'တောရိုင်းတိရစ္ဆာန်ကျေးရွာ'အမည်နှစ်ခုရှိသည့် ခရိုင်မြို့တစ်ခုဖြစ်သည်။ ကျင်းတုံးခရိုင်အတွင်း ဝူလျန်တောင်တွင် ခေါင်းနက်လူဝံအုပ်စု ၈၀ ခု အကောင် ၅၀၀ ခန့်ရှိသည်။ တစ်ကမ္ဘာလုံးမှ လက်ရှိသက်ရှင် ခေါင်းနက်လူဝံအရေအတွက်၏ တစ်ဝက်ခန့်ရှိနေသည်။ ကျင်းတုံး ဝူလျန်တောင်ဒေသတွင် မီးခိုးမျောက် ၄၃အုပ်စုနေထိုင်ပြီး စုစုပေါင်း အကောင်အရေအတွက်မှာ ၂၀၀၀ ခန့်ရှိသည်။ တစ်ကမ္ဘာလုံး မီးခိုးရောင်မျောက်(အိန္ဒိယမီးခိုးမျောက်) စုဝေးနေရာနှင့် အလေးပါ ထိန်းသိမ်းကာကွယ်ရာနေရာ ဖြစ်သည်။ ကျင်းတုံးသည် တရုတ်နိုင်ငံ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးအဖွဲ့မှ 'တရုတ်နိုင်ငံ ခေါင်းနက်လူဝံကျေးရွာ'နှင့် 'တရုတ်နိုင်ငံ မီးခိုးမျောက်ကျေးရွာ'ဟု အမည်ပေးခြင်း ခံရပါသည်။ **ယူနန်နေ့စဉ်သတင်းစာ**



## တီချင့်ပြည်နယ်ခွဲခရီးစဉ် စတင်ဖွင့်လှစ်

ဧပြီလ ၈ ရက်နေ့ 'ကမ္ဘာ၏ရှန်ဂရီလာ' ခရီးသွားတော်လှန်ရေးနှင့်'ဖုန်းတစ်လုံးဖြင့် ယူနန်သို့ခရီးသွား'တီချင့်အွန်လိုင်းအောက် ထုတ်ကုန်ပစ္စည်း သတင်းစာရှင်းလင်းပွဲကို ကူမင်းမြို့မှာ ကျင်းပခဲ့သည်။ ထိုပွဲတော်တွင် 'ခရီးသွားတော်လှန်ရေး'တွန်းတင်မှုအခြေအနေနှင့် ' ၂၀၁၉ ခုနှစ် တီချင့်ပြည်နယ်ခွဲ 'ခရီးသွားတော်လှန်ရေး'လုပ်ငန်းကိုးခု အကောင်အထည်ဖော်အဆိုပြုလွှာ'ကို မိတ်ဆက်ပေးခဲ့ပါသည်။ 'ဖုန်းတစ်လုံးဖြင့် ယူနန်သို့ခရီးသွား' တီချင့် တိဗက်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ အွန်လိုင်းအောက်ပွဲတော်အစီအစဉ်ငါးခု၊ ခေါင်းစဉ်ခရီးစဉ်ခြောက်ခု၊ ကိုယ်ပိုင်ယာဉ်မောင်းလမ်းကြောင်းခုနစ်ခု၊ ခြေကျင်လမ်းကြောင်းရှစ်ခု၊ ကျေးရွာခရီးသွားစံပြဗွိုင့်ကိုးခု စသည့် ကုန်ပစ္စည်းများအပေါ် မိတ်ဆက်မှုများ လုပ်ဆောင်ခဲ့သည်။

ယခုနှစ် တီချင့်ပြည်နယ်ခွဲ၏ 'ဖုန်းတစ်လုံးဖြင့် ယူနန်သို့ခရီးသွား'အွန်လိုင်းအောက်ထုတ်ကုန်ပစ္စည်းကို '၅၆၇၈၉'အဖြစ် စုစည်းဖော်ပြနိုင်ခဲ့ပါသည်။

အသေးစိတ်မှာ ပါလှကဲကျုံးတေးသီချင်းပွဲတော်၊ ရှန်ဂရီလာမြင်းပြိုင်ပွဲ စသည့် ပွဲတော်အစီအစဉ်ငါးခု၊ Azalea ပန်းခရီး၊ မှိုခရီး၊ ငှက်ရှုစားခရီး စသည့် ခေါင်းစဉ်ဖြင့် ခရီးခြောက်ခု၊ ကူမင်း-တာ့လီ-လိကျန်း-ရှန်ဂရီလာ-ရန်ကျင်-လာဆာ စသည့် ကိုယ်ပိုင်ယာဉ်မောင်းလမ်းကြောင်းခုနစ်ခု၊ မေလီနှင်းတောင်-ယူဗုံးခြေလျင် စသည့် ခြေလျင်လမ်းကြောင်းရှစ်ခု၊ ယူဗုံးရွာဆောက်လုပ်ခြင်း စသည့် ကျေးရွာခရီးသွားစံပြဗွိုင့်ကိုးခု စသည်တို့ ဖြစ်ပါသည်။

နောက်တွင် တီချင့်ပြည်နယ်ခွဲသည် ခရီးသွားတည်နေရာ တည်ဆောက်ခြင်း၊ ခရီးသွားကုန်ပစ္စည်း ပုံစံပြောင်းလဲခြင်း၊ ခရီးသွားအများသုံး အခြေခံအဆောက်အအုံမြှင့်တင်ခြင်း၊ ခရီးသွား အုပ်ချုပ်ရေးဝန်ဆောင်မှုမြှင့်တင်ခြင်း၊ ခရီးသွား စမတ်ပုံစံဆောက်လုပ်ရေး စသည့် အပိုင်းကဏ္ဍငါးခုမှ တီချင့်ပြည်နယ်ခွဲ 'ခရီးသွားတော်လှန်ရေး'လုပ်ငန်းကိုးခုကို အကောင်အထည်ဖော်လုပ်ဆောင်ရန် တွန်းတင်မည်ဖြစ်သည်။ တီချင့်ပြည်နယ်ခွဲကို ယူနန်ပြည်နယ် ခရီးသွားလုပ်ငန်း ပုံစံပြောင်းလဲ အဆင့်မြှင့်တင်ဖွံ့ဖြိုးတိုးတက်မှု စံပြဇုန်အဖြစ် လုပ်ဆောင်မည်ဖြစ်သည်။**သတင်းထောက်– ဝမ်ဟွမ်း**



အားကစားသတင်း

## ၂၀၁၉ ခုနှစ် ကူမင်းတင်းနစ်ပြိုင်ပွဲ စတင်

ဧပြီလ ၁၅ ရက်နေ့ ၂၀၁၉ ကူမင်းတင်းနစ်ပြိုင်ပွဲကို အမ်းနင်ရေပူစမ်းပန်တောင်နိုင်ငံတကာတင်းနစ်စင်တာတွင် တရားဝင် စတင်ခဲ့သည်။ (၇)နှစ်ဖွံ့ဖြိုးတိုးတက်မှုကို ဖြတ်ကျော်ပြီး ကူမင်းတင်နစ်ပြိုင်ပွဲသည် အာရှတိုက်အဆင့်တွင် အမြင့်ဆုံးသော တင်းနစ်ပြိုင်ပွဲ ဖြစ်လာခဲ့သည်။ ကူမင်းတင်းနစ်ပြိုင်ပွဲတွင် ကျန်းရှင့်၊ စစ်ထောစက်၊ ကျန်းကဲ့ စသည့် နိုင်ငံပေါင်း ၃၀ ကျော်မှ ဝါရင့်ကျွမ်းကျင်သူ အားကစားသမား ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။ **သတင်းထောက်– လောရင်**



ပေါက်ဖော်ချစ်ကြည်ရေး

# မြန်မာ-တရုတ် ချစ်ကြည်ရေး အသက်မွေးဝမ်းကျောင်းနည်းပညာအကယ်ဒမီ ဒုတိယအကြိမ် မော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်း ဖွင့်လှစ်ခဲ့



မတ် ၃၀ ရက် 'ယူနန်တက္ကသိုလ်-မြန်မာ-တရုတ်ချစ်ကြည်ရေး အသက်မွေးဝမ်းကျောင်းနည်းပညာအကယ်ဒမီ ဒုတိယအကြိမ် မော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနား'ကို မန္တလေးမြို့တွင် ကျင်းပခဲ့သည်။ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းနှင့် အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ယခုကဲ့သို့သော အသက်မွေးဝမ်းကျောင်းပညာ သင်တန်းဖွင့်လှစ်ခြင်းသည် မြန်မာနိုင်ငံအတွက် အထူးလိုအပ်ပါသည်။ ယခုအကြိမ် သင်တန်းများဖြစ်မြောက်အောင် လုပ်ဆောင်ပေးခဲ့သော ယူနန်တက္ကသိုလ်၊ လီဖန်းအုပ်စုအဖွဲ့နှင့် အခြားသောအဖွဲ့အစည်းများအားလုံးကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်းနှင့် ကျေးဇူးတင်စကားများ ပြောကြားခဲ့ပြီး ယင်းအခွင့်အရေး ကြုံရခဲကြောင်း နည်းပညာများ ကောင်းကောင်းသင်ယူကာ နိုင်ငံတော်အတွက် ကြိုးစားအားထုတ်ရန် အားပေးစကားများကို မန္တလေးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌက သင်တန်းများအားလုံးထံ အလေးပေး ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်းက တရုတ်နိုင်ငံမှာ ပညာတော်သင်စဉ်ကာလမှ အမှတ်တရများကို ပြန်လည်တွေးရင်း ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပြန်လည် သွားရောက်လည်ပတ်စဉ် နေရာဟောင်းများကို ပြန်လည်ရောက်ရှိခဲ့ပါကြောင်း၊ ပြုပြင်ပြောင်းလဲတံခါးဖွင့်ပြီးသည့် တရုတ်နိုင်ငံသည် များစွာပြောင်းလဲခဲ့ကြောင်း၊ အဆိုပါ ပြောင်းလဲမှုများကိုကြည့်ရင်း ပီတိအားကျခဲ့ပါကြောင်း၊ မြန်မာလူငယ်များလည်း နည်းပညာများ ကောင်းစွာသင်ယူပြီး အိမ်နီးချင်းနိုင်ငံ တရုတ်ပြည်၏ ကူညီပံ့ပိုးခြင်းအောက်တွင် မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။



ယူနန်တက္ကသိုလ်မှ ကူညီပံ့ပိုးပေးခြင်းကြောင့် 'မြန်မာ-တရုတ် ချစ်ကြည်ရေး အသက်မွေးဝမ်းကျောင်းနည်းပညာအကယ်ဒမီ'မှ ကျင်းပသော မော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်းမှာ ဒုတိယအကြိမ်ဖြစ်မြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါသင်တန်းအပြင် စာဖိုမှူးသင်တန်း၊ ပန်းထိုးသင်တန်း စသည့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများကိုလည်း ကျင်းပခဲ့ပြီဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပြီး လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်ရန်အတွက် ရည်ရွယ်ထားပါသည်။

သင်တန်းသားများအား နည်းပညာကောင်းကောင်းသင်ယူပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်ရန် တိုက်တွန်းပြောဆိုခဲ့သည့်အပြင် မြန်မာ-တရုတ်ချစ်ကြည်ရေး သံတမန်များဖြစ်ရန် ကြိုးစားအားထုတ်ရမည်ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးပိုမြင့်က မိတ်ဆက်ပြောကြားခဲ့ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။ တရုတ်နိုင်ငံမှ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ် ပြောင်းပြန်သင်္ကာန် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ'ကိုလည်း စတင်အကောင်အထည်ဖော်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နည်းပညာကျွမ်းကျင်သူ လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်နေခြင်းဖြစ်သည်။ တရုတ်-မြန်မာချစ်ကြည်ရေး နည်းပညာအကယ်ဒမီသည် အဆိုပါလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် တည်ထောင်ထားခြင်းဖြစ်သည်ဟု ကြင်တောယွမ် ပရဟိတအဖွဲ့ဥက္ကဋ္ဌက ပြောဆိုခဲ့သည်။

ယခုအကြိမ်သင်တန်းမှ သင်တန်းသား ၄၀ ကျော်သည် မန္တလေး၊ မတ္တရာ၊ ပြင်ဦးလွင်၊ နေပြည်တော် စသည့်နေရာတစ်ဝိုက်မှ လာကြခြင်းဖြစ်သည်။ တိုင်းဒေသကြီးလွှတ်တော်၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း၊ ဖူကျင့်ကွန်ဖြူးရှပ်စင်တာ ဘာကကျောင်း သင်ကြားရေးအဖွဲ့အစည်းများမှ ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု သိရပါသည်။

ယူနန်ပြည်နယ်မှ နိုင်ငံခြားသား

# "ပေမိန်စာကြည့်တိုက်"ဘေးတွင် ပြင်သစ်စတိုင် "ထမင်းစား စားပွဲ"ရှိသည်

ဟိုင်ယာကို တွေ့လိုက်ချိန်မှစ၍ သူမကြည်လင်သောမျက်လုံး၏ ဆွဲဆောင်ခြင်းခံခဲ့ရသည်။ သူမရင်ခွင်တွင် ပိုက်ထားသော တရုတ်-ပြင်သစ်သွေးစပ် ရှောင်ရှင်ယိမ်ကြောင့်လည်း ဖြစ်သည်။ သူမတို့ထံမှ ပြင်သစ်စတိုင် အချိုပွဲများနှင့် ကော်ဖီရနံ့များကို မကြာမကြာ ရနေသည်။ ညနေခင်းအချိန်တွင် အဆိုပါ "A Table!" ဟုခေါ်သော ပြင်သစ်ပေါင်မုန့်ဆိုင်တွင် ပြင်သစ်၊ ဥရောပနိုင်ငံမှ လူငယ်များသည် ပြင်သစ်အစားအသောက်များနှင့် ဆိုဒါဖြင့်ဖျော်ထားသော အချိုရည်သုံးဆောင်ရန် ဆိုင်တွင် စုဝေးနေကြသည်။ "A Table!" သည် ပြင်သစ်ဘာသာစကားတွင် ကြိယာဝိသေသနအနက်အဓိပ္ပာယ်ဆောင်ပြီး 'စားပွဲပေါ်တွင် ထမင်းစားသည်'ဟူသော အဓိပ္ပာယ်ရှိပါသည်။

ဟိုင်ယာ၏အမျိုးသား Vincent သည် နေ့စဉ် နံနက် ၇ နာရီမှစ၍ လတ်ဆတ်သော ပြင်သစ်ပေါင်မုန့်ချောင်း ချက်ပြုတ်သည်။ နေ့စဉ် ပေါင်မုန့်ချောင်းအခု ၂၀ သာ ချက်ပြုတ်သည်။ ပြင်သစ်ပေါင်မုန့်ချောင်းချက်ပြုတ်ရန် ဂျုံအချဉ်ဖောက်ရန်ထားရုံဖြင့် ၁၂ နာရီကြာသည်။ ကျွန်တော်လုပ်သော အရသာသည် ကုန်ကြမ်းမှအစ အရသာအထိ လွန်ခဲ့သော နှစ်တစ်ရာမှ ပြင်သစ်တွင်ပြုလုပ်သော ပေါင်မုန့်နှင့် တစ်ပုံစံတည်းဖြစ်ပေသည်။

Vincent သည် အရည်အသွေးနှင့် ရိုးရာကို အလေးထားသော ပြင်သစ်လူမျိုးဖြစ်သည်။ ရှောပင်းစတားများတွင် ပြင်သစ်စားသောက်ဆိုင်ဖွင့်ခြင်းကို Vincent မနှစ်သက်ပေ။ အဆိုပါ လုပ်ပုံလုပ်နည်းသည် စားသုံးသူများကို အသုံးချခြင်းဖြစ်သည်။ ပိုက်ဆံရှာရလွယ်ကူသော်လည်း အနှစ်သာရမရှိသော လုပ်ဆောင်ချက်မျိုးဖြစ်သည်ဟု သူထင်မှတ်သည်။ 'ပေမိန်စာကြည့်တိုက်'နံဘေးမှ အဆိုပါအိမ်အဟောင်းကို တွေ့ပြီးနောက် အစိမ်းရောင်အုတ်၊ သစ်သားအိမ်များသည် သူတို့စိတ်တိုင်းကျ ဖြစ်ခဲ့သည်။ သူတို့၏အချိုပွဲ၊ ကော်ဖီနှင့် လိုက်ဖက်သည်ဟု Vincent က ဆိုပါသည်။

အဆိုပါ တရုတ်-ပြင်သစ် ပေါင်းစပ်ထားသော လူငယ်မိသားစုသည် သူတို့၏ယဉ်ကျေးမှု၊ အစားအသောက်၊ သူတို့၏ ပြင်သစ်နှင့်ယူနန် ရေစက်ကို ဖော်ရွေစွာ ပြောပြခဲ့သည်။ သူတို့အနေဖြင့် စွန့်စားခြင်းနှစ်သက်သော ပြင်သစ်နိုင်ငံသားများသည် ယူနန်ပြည်နယ်တွင် လာရောက်လေ့လာကြပြီး ယူနန်၏ထူးဆန်းလှပခြင်းများကြောင့် ဆွဲဆောင်ခြင်းခံခဲ့ရသည်။ ယူနန်ပြည်နယ်တွင် ပြင်သစ်အရိပ်လက္ခဏာများ အများဆုံးရှိသော တရုတ်နိုင်ငံ၏ ပြည်နယ်ဖြစ်သည့်အတွက်ကြောင့် ပြင်သစ်လူမျိုးအများစုမှာ ယူနန်ပြည်နယ်ကို အထူးကြိုက်နှစ်သက်နေကြသည်။ Vincent သူငယ်ချင်း အများစုမှာ ယူနန်ပြည်နယ်တွင် နေထိုင်ကြသည်။ အချို့မှာ အင်ဂျင်နီယာဖြစ်သော်လည်း ပြင်သစ်နိုင်ငံမှထွက်ခွာခဲ့ပြီး ယူနန်ပြည်နယ် ရှန်ဂရီလာမြို့မှ လှပသောတောင်နှင့် စပျစ်သီးခြံရှိသောနေရာတွင် တည်းခိုခန်းဖွင့်ကာ နေထိုင်နေသည်။ အချို့မှာ ယူနန်ပြည်နယ်တွင် ရားစ်ဘယ်ရီသီးစိုက်ကာ နေထိုင်ခဲ့ကြပါသည်။ ယူနန်မှ ရားစ်ဘယ်ရီသည် အကောင်းဆုံးဟု သူတို့ ထင်မှတ်သည်။ Vincent အသုံးပြုသော ရားစ်ဘယ်ရီသီးမှာလည်း သူ့သူငယ်ချင်း ခြံထွက်ခြင်းဖြစ်သည်။

"A Table!"တွင် ပြင်သစ်လူငယ်များ စုဝေးရာနေရာဖြစ်သည်။ ကူမင်းမြို့မှ ခရီးသွားများနှင့် နေထိုင်သော ဥရောပသည့်သည်များလည်း ပါဝင်သည်။ အဆိုပါနေရာသည် ယူနန်ပြည်နယ်ရောက် ပြင်သစ်လူမျိုးများ စုဝေးရာ'ကလပ်'ဖြစ်သည်။ သူတို့သည် ကူမင်းမြို့မှ နာမည်ကျော်သူများကိုလည်း သိကျွမ်းကြသည်။ ဥပမာ- 'ယူနန်အထူးအဆန်း(၁၈)'ကိုရေးဆွဲသော ပန်းချီဆရာလီကူဝူကို ကူမင်းမြို့နေ ပြင်သစ်လူမျိုးအားလုံးက သိကြသည်။ သူ့ကိုတွေ့လျှင် စားပွဲဝိုင်းတစ်ခုလုံးမှ ပြင်သစ်လူမျိုးအားလုံးက အထူးဝမ်းသာကြကာ စိတ်လှုပ်ရှားနေသည်။

Vincent ၏ ဖခင်သည် ပြင်သစ်မီရဲလင်း ကြယ်သုံးပွင့်စားဖိုမှူးဖြစ်ပြီး စားဖိုမှူးမိသားစု ဖြစ်ကြသည်။ သူတို့၏ ပြင်သစ်နိုင်ငံရှိ စားသောက်ဆိုင်၏အနောက်ဘက်တွင် သစ်တောရှိပါသည်။ ယခုချိန်ကာလတွင် Morel မှိုများ သွားကောက်နိုင်ပြီး ယူရို ၅၀ တစ်ပေါင်ရှိသော Morel မှိုသည် ပြင်သစ်နိုင်ငံတွင် ဈေးများသည်ဟု ဆိုနိုင်သည်။ 'ကူမင်းမြို့လည်း Vincent ဇာတိမြေနှင့်တူသည်။ နာရီဝက်ခန့် ကားမောင်းသွားရုံဖြင့် သစ်တောတွင် Morel မှိုများ ကောက်နိုင်သည်။ Boletus မှို ၊ Thelephora မှိုကို ကျွန်မ အထူးကြိုက်သည်'ဟု ဟိုင်ယာက ပြောကြားသည်။

သူတို့မိသားစုအနေဖြင့် "A Table!" သည် ပြင်သစ်နိုင်ငံနှင့် ယူနန်ပြည်နယ် အစားအသောက်များ ချိတ်ဆက်ပေးသော ယဉ်ကျေးမှုချစ်သူများ၏ ပျော်ရွှင်ဖွယ် စားပွဲပင်ဖြစ်နေပါတော့သည်။

**သတင်းထောက်– ကျန်းဝင်ကော**